မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၀ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် ) } **သောကြာနေ့ [ အတွဲ ၆၈**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာလုပ်ငန်းကော်မတီ**
**ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၅) ဖြင့် ဖွဲ့စည်းခဲ့သော **"စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေးဆိုင်ရာလုပ်ငန်းကော်မတီ"** တွင် ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနအား တွဲဖက်အတွင်းရေးမှူး (၃) အဖြစ် ဖြည့်စွက်၍ အဖွဲ့ဝင်များအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | | |
|---|---|---|---|
| (၁) | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | **အစား** | အဖွဲ့ဝင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာစိုးလွင်ငြိမ်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရောဂါနှိမ်နင်းရေး)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ပါမောက္ခဒေါက်တာဝင်းဌေးအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (တောင်ကြီး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ သက်တမ်းကုန်ဆုံးသည့် ယာယီသက်သေခံလက်မှတ်များ အပ်နှံခြင်း၊ စိစစ်မှုခံယူခြင်းနှင့် မိုးပွင့် (အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း လုပ်ငန်းတွင် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် ဗဟိုအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ခံယူရန် လိုအပ်သူများအား စိစစ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်နှင့် မြို့နယ်အဆင့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်မှ<br>တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | လျှောက်ထားသူနှင့် သက်ဆိုင်သည့် ဒေသ/အဖွဲ့အစည်းမှ<br>အများကြည်ညိုလေးစားခံရသူ (၃) ဦး | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **မြို့နယ် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၄) | လျှောက်ထားသူနှင့် သက်ဆိုင်သည့် ဒေသ/အဖွဲ့အစည်းမှ<br>အများကြည်ညိုလေးစားခံရသူ (၃) ဦး | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးဌာနမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆၅ အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ခံယူရန် အထောက်အထားများနှင့်တကွ တင်ပြလျှောက်ထားသူများအား ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မများနှင့် အကျုံးဝင်ညီညွတ်သည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးခြင်း။

(ခ) နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေနှင့် ညီညွတ်သူများအား ဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးခြင်း။

(ဂ) လျှောက်လွှာ၌ ဖော်ပြထားသော သားသမီးများအား မှန်ကန်မှု ရှိ မရှိ နိုင်ငံသားပြုခွင့်လက်မှတ်တွင် သားသမီး၏အမည်ကို ထည့်သွင်းပေးသင့် မသင့် စုံစမ်းစစ်ဆေးခြင်း။

(ဃ) စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဗဟိုအဖွဲ့မှ လျှောက်ထားသူအား နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ချမှတ်နိုင်ရေးအတွက် သုံးသပ်ချက်၊ အကြံပြုချက်များအား ဗဟိုအဖွဲ့သို့ တိကျစွာတင်ပြခြင်း။

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၏ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ စာအမှတ်၊ ၄၃၅/၂ (၈)-၂/နယကဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ဖွဲ့စည်းမိန့်အား ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၅

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အောက်ဖော်ပြပါ နေ့ရက်များမှာ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၁၆ | ၁ ရက် |
| ၂။ | ကရင်နှစ်သစ်ကူးနေ့ | ၁၀-၁-၂၀၁၆ | ၁ ရက် |
| ၃။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၁၆ | ၁ ရက် |
| ၄။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၁၆ | ၁ ရက် |
| ၅။ | တပေါင်းလပြည့်နေ့ | ၂၃-၃-၂၀၁၆ | ၁ ရက် |
| ၆။ | တပ်မတော်နေ့ | ၂၇-၃-၂၀၁၆ | ၁ ရက် |
| ၇။ | နှစ်သစ်ကူးရုံးပိတ်ရက်များ (မဟာသင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ ၁၀ ရက်တိတိ) | ၁၁-၄-၂၀၁၆ မှ ၂၀-၄-၂၀၁၆ ထိ | ၁၀ ရက် |
| ၈။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၁၆ | ၁ ရက် |
| ၉။ | ကဆုန်လပြည့်နေ့ | ၂၁-၅-၂၀၁၆ | ၁ ရက် |
| ၁၀။ | အာဇာနည်နေ့ | ၁၉-၇-၂၀၁၆ | ၁ ရက် |
| ၁၁။ | ဝါဆိုလပြည့်နေ့ | ၁၉-၇-၂၀၁၆ | ၁ ရက် |

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁၂။ | သီတင်းကျွတ်လပြည့်နေ့ | ၁၆-၁၀-၂၀၁၆ | ၁ ရက် |
| ၁၃။ | တန်ဆောင်မုန်းလပြည့်နေ့ | ၁၄-၁၁-၂၀၁၆ | ၁ ရက် |
| ၁၄။ | အမျိုးသားအောင်ပွဲနေ့ | ၂၄-၁၁-၂၀၁၆ | ၁ ရက် |
| ၁၅။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၁၆ | ၁ ရက် |
| ၁၆။ | ကရင်နှစ်သစ်ကူးနေ့ | ၂၉-၁၂-၂၀၁၆ | ၁ ရက် |
| ၁၇။ | အီဒွလ်အဿွဟာပွဲနေ့ | × | ၁ ရက် |
| ၁၈။ | ဒီပါဝလီနေ့ | × | ၁ ရက် |

မှတ်ချက်။ (၁) အီဒွလ်အဿွဟာပွဲနေ့နှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြား ကြေညာပါမည်။

(၂) ဘဏ်ပိတ်ရက် ၃ ရက်ကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကြေညာမည် ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

**နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄) ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့တွင် ဒေါက်တာဦးသန်းဦးအား အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁ ရက် )

## မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ (မူကြမ်း)

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အသင်း**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် **မြန်မာနိုင်ငံကြက်ခြေနီအသင်း**ကို ဆိုသည်။

(ခ) **နိုင်ငံတော်**ဆိုသည်မှာ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**ကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **ပြည်ထောင်စုအစိုးရအဖွဲ့**ကို ဆိုသည်။

(ဃ) **ကြက်ခြေနီအခြေခံမူများ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ **အခြေခံမူ (၇) ချက်**ဖြစ်သော -

(၁) လူသားချင်းစာနာထောက်ထားခြင်း

(၂) ခွဲခြားမှုမရှိခြင်း

(၃) ကြားနေခြင်း

(၄) လွတ်လပ်ခြင်း

(၅) စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း

(၆) စည်းလုံးညီညွတ်ခြင်း

(၇) ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းတို့ကို ဆိုသည်။

( င) **ဂျီနီဗာသဘောတူညီချက်များ**ဆိုသည်မှာ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သော သဘောတူညီချက်များကို ဆိုသည်။

(စ) **နောက်ဆက်တွဲသဘောတူညီချက်များ**ဆိုသည်မှာ ၁၉၇၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နောက်ဆက်တွဲသဘောတူညီချက် (၁) နှင့် (၂) တို့အပြင် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နောက်ဆက်တွဲသဘောတူညီချက် (၃) ကို ဆိုသည်။

## အခန်း (၂)
## အသင်း၏အဆင့်အတန်း

၃။ အသင်းသည် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်ပေးသော အသင်းတစ်ရပ်ဖြစ်၍ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သည်။

၅။ အသင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းဖြစ်သည်။ အသင်းသည် ယင်း၏လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ဆောင်ရွက်စေရမည်။

၆။ အသင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ ပြဋ္ဌာန်းဥပဒေများ၊ အခြေခံမူများ၊ မူဝါဒများနှင့်အညီ အမြဲတမ်းလိုက်နာလုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ အသင်းသည် ဤဥပဒေအရ နိုင်ငံတော်အသိအမှတ်ပြုသည့် လွတ်လပ်သော လူမှုကရုဏာ အဖွဲ့အစည်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ (က) (၂) နှင့်အညီ လိုအပ်ပါက စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ခွင့်ရှိရမည်။ အသင်းသည် အသင်း၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ပမှဝင်ရောက်စွက်ဖက်ခြင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်။ ကြက်ခြေနီလှုပ်ရှားမှုအတွင်း သဘောတူထားသည့် သက်ဆိုင်ရာ နည်းဥပဒေများ၊ မူဝါဒများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို တူညီသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရာတွင် အခြားလူမှုကရုဏာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၃)
## အသင်း၏အရန်အင်အားအနေအထား

၈။ အသင်းနှင့် ပြည်ထောင်စုအစိုးရတို့အကြား အရန်အင်အားအဖြစ် ဆက်နွှယ်မှုသည် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အမျိုးသားဥပဒေများအပေါ် အခြေခံသဖြင့် ပြည်ထောင်စုအစိုးရနှင့် အသင်းတို့က သဘောတူထားသော နယ်ပယ်များတွင် လူမှုကရုဏာလုပ်ငန်းများကို အသင်းက ဖြည့်စွမ်းဆောင်ရွက်

ပေးခြင်းဖြင့် အပြန်အလှန်တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည့် ထူးခြားသောအခွင့်အရေးများ ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

၉။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံတွင် နိုင်ငံများက သဘောတူထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများ၊ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အသင်း၏ လူသားချင်းစာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို အမြဲတမ်း ပေးနိုင်ရမည်။

၁၀။ ပြည်ထောင်စုအစိုးရသည် အသင်း၏ စေတနာ့ဝန်ထမ်းဆောင်ရွက်မှုနှင့် လွတ်လပ်သော သဘောသဘာဝကို အလေးထားရမည့်အပြင် အသင်း၏ စေတနာလုပ်အားရှင်များ စည်းရုံးလှုံ့ဆော်ရန်၊ လူသစ်စုဆောင်းရန်၊ လေ့ကျင့်ရန်နှင့် အသင်းဝင်အဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အားထုတ်ကြိုးပမ်းမှုများတွင် အသင်းကို ကူညီထောက်ပံ့နိုင်ရမည်။

၁၁။ အသင်းသည် ပြည်ထောင်စုအစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာ၌လည်းကောင်း နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်ထားသော ဝန်ကြီးဌာနမှတစ်ဆင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၄)
## အသင်း၏ဥပဒေဆိုင်ရာသဘောသဘာဝ

၁၂။ အသင်းသည် ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏အမည်ဖြင့် တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိသည်။

၁၃။ အသင်းသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသော ပြဋ္ဌာန်းဥပဒေများနှင့်အညီ အမြဲတမ်းလုပ်ကိုင်ဆောင်ရွက်ရမည်။

## အခန်း (၅)
## အသင်း၏ရည်မှန်းချက်များ

၁၄။ ဤဥပဒေအရ အသင်း၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီ ကြက်ခြေနီလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ လုပ်ငန်းတာဝန်အပ်နှင်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တစ်ခုတည်းသော ကြက်ခြေနီအသင်းဖြစ်သည့်အားလျော်စွာ အသင်း၏ဥပဒေများနှင့်အညီ အသင်း၏လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်ဆောင်ရွက်နိုင်စေရန်၊

(ခ) လူမျိုး၊ မျိုးရိုး၊ မျိုးနွယ်စု၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား သို့မဟုတ် နိုင်ငံရေးအယူဝါဒ သို့မဟုတ် အလားတူ စံသတ်မှတ်ချက်တို့ ခွဲခြားခြင်းအလျဉ်းမရှိစေဘဲ မည်သူ့ကိုမဆို **ဆင်းရဲဒုက္ခနည်းပါးသက်သာစေရေး**အတွက် ကူညီစောင့်ရှောက်ရန်၊

(ဂ) လူသားအချင်းချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုတိုးတက်ရရှိရေး၊ ငြိမ်းချမ်းသာယာမှု တိုးတက်ခိုင်မြဲစေရေးအတွက် ကြက်ခြေနီအခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ ပြန့်ပွားရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်၊

(ဃ) စစ်မက်ကာလတွင်ဖြစ်စေ၊ ငြိမ်းချမ်းသောကာလတွင်ဖြစ်စေ ဘေးဒုက္ခကျရောက်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များ၊ အခြားသက်ဆိုင်ရာသဘောတူညီချက်များနှင့် ဥပဒေများ

အရ ကယ်ဆယ်ရေး၊ ဆင်းရဲဒုက္ခနည်းပါးစေရေး၊ လူသားချင်းစာနာထောက်ထားသော အကူအညီ ပေးရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(င) အသင်းသည် နိုင်ငံနယ်နိမိတ်အတွင်း ဖြစ်ပွားနိုင်သော သဘာဝဘေးဒုက္ခများ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးဒုက္ခများ သို့မဟုတ် အခြားအရေးပေါ်ကိစ္စများတွင် အမျိုးသား အဆင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ရန်နှင့် ဦးဆောင် အဖွဲ့အစည်း ဖြစ်လာစေရန်၊

(စ) ကျန်းမာရေး၊ ရောဂါဘယကာကွယ်တားဆီးရေး၊ လူမှုဝန်ထမ်းနှင့် အသိပညာပေးရေးနယ်ပယ် များတွင် အသင်း၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ပြည်သူများအား လူထုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊

(ဆ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးဒုက္ခများ၏ နောက်ဆက်တွဲရလဒ်များနှင့် လူသားချင်းစာနာထောက်ထားသော တုံ့ပြန်မှု လိုအပ်နေသည့် အခြေအနေများကြောင့် ကွဲကွာနေသောပြည်သူများအကြား မိသားစု အဆက် အသွယ်များ ပြန်လည်ရရှိရေးအတွက် ထိရောက်သော အမျိုးသားအဆင့်လုပ်ငန်းကွန်ရက်ကို စီမံဆောင်ရွက်ရန်၊

(ဇ) ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များအရ အသိအမှတ် ပြုထားသော ကြက်ခြေနီအမှတ်အသားနှင့် အခြားသတ်မှတ်ထားသည့် ကြက်ခြေနီ အမှတ်တံဆိပ် များကို လွဲမှားစွာသုံးစွဲခြင်းမှ ကာကွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှု ဥပဒေများအား အများပြည်သူ လေးစားလိုက်နာစေရေးကို ရည်ရွယ်၍ နိုင်ငံတော်မှ ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပြည်ထောင်စုအစိုးရ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်၊

(ဈ) အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများနှင့် စေတနာလုပ်အားရှင်စိတ်ဓာတ်တို့ကို အများပြည်သူ အကြား တိုးတက်ထွန်းကားလာစေရေးနှင့် အသိပညာပြန့်ပွားရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ည) ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများနှင့်အညီ ကြက်ခြေနီလုပ်ငန်းများကို ဘက်မလိုက်ဘဲ လွတ်လပ်စွာဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၁၅။ အထက်ပုဒ်မ (၁၄) တွင် ပြဋ္ဌာန်းထားသည့် အသင်း၏ရည်မှန်းချက်များ အောင်မြင်ရန်အလို့ငှာ အသင်းသည် အသင်း၏ဥပဒေများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသည့် ကြက်ခြေနီလှုပ်ရှားမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် မူဝါဒများတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အတိုင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်။

## အခန်း (၆)
## အသင်းနှင့်ကြက်ခြေနီလှုပ်ရှားမှုဝင် အခြားသောအဖွဲ့အစည်းများအကြား ဆက်သွယ်မှု

၁၆။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု အစိတ်အပိုင်းတစ်ခုအနေဖြင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အသင်း အနေဖြင့်လည်းကောင်း ထမ်းဆောင်ရမည့်အသင်း၏ တာဝန်များကို လိုက်နာရမည်။ ပြည်ထောင်စုအစိုးရ သည် ယင်းသို့ ထမ်းဆောင်ရမည့် အသင်း၏တာဝန်ဝတ္တရားများကို အလေးထားရမည်။

၁၇။ အသင်းကို ဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ ကြက်ခြေနီအခြေခံမူများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အကူအညီလိုအပ်ပါက ပြည်ထောင်စုအစိုးရအနေဖြင့် အသင်းအား ပံ့ပိုးဖြည့်ဆည်းပေးရမည်။

## အခန်း (၇)
## ဖွဲ့စည်းခြင်း

၁၈။ ကြက်ခြေနီညီလာခံကို အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခွင့်နှင့် မဲပေးပိုင်ခွင့်ရှိသည် -

(က) ဗဟိုကောင်စီဝင်များ

(ခ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ကိုယ်စားလှယ်များ

(ဂ) ခရိုင်ကိုယ်စားလှယ်များ

(ဃ) မြို့နယ်ကိုယ်စားလှယ်များ

(င) လူငယ်ကိုယ်စားလှယ်များ

(စ) ဗဟိုကောင်စီက အဆိုပြုသောပုဂ္ဂိုလ်များ

(ဆ) ဌာနဆိုင်ရာကိုယ်စားလှယ်များ

(ဇ) ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကိုယ်စားလှယ်များ

(ဈ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားလှယ်များ

၁၉။ ကြက်ခြေနီဗဟိုကောင်စီတစ်ခုကို ညီလာခံက ဖွဲ့စည်းရမည်။ ယင်းဗဟိုကောင်စီသည် အသင်း၏အုပ်ချုပ်ရေးအဖွဲ့လည်း ဖြစ်သည်။ ခန့်ထားမည့်ဦးရေကို အချိန်အခါအလျောက် လိုအပ်ချက်အရ ပြောင်းလဲခန့်ထားနိုင်သည်။ ထိုကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(က) အသင်း၏ နိုင်ငံလုံးဆိုင်ရာညီလာခံက ရွေးချယ်တင်မြှောက်သည့် နေပြည်တော်ကောင်စီနယ်မြေမှကိုယ်စားလှယ်တစ်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်တစ်ဦးစီ၊ ပေါင်း (၁၅) ဦး၊

(ခ) ကြက်ခြေနီလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်ထက်မနိမ့်သောကိုယ်စားလှယ် (၁၃) ဦး၊

(ဂ) ကြက်ခြေနီလုပ်ငန်းနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများမှ (၁၀) ဦးထက်မများသောကိုယ်စားလှယ်များ၊

(ဃ) ပြည်ထောင်စုအစိုးရမှ အဆိုပြုသူ (၁၀) ဦး၊

(င) အတွေ့အကြုံရင့်ကျက်သော ကြက်ခြေနီစေတနာလုပ်အားရှင် သို့မဟုတ် လူငယ်ကိုယ်စားလှယ် (၁၅) ဦး။

၂၀။ ဗဟိုကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ (၁) ဦး၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးနှင့် ဗဟိုအလုပ်အမှုဆောင် (၂) ဦး၊ အထွေထွေအတွင်းရေးမှူးနှင့် အချိန်ပိုင်းအမှုဆောင် (၅) ဦးကို ရွေးကောက်တင်မြှောက်ရမည်။

၂၁။ ဗဟိုကောင်စီသည် ကျွမ်းကျင်သူပညာရှင်များသာ ဆောင်ရွက်နိုင်သည့် အထူးလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ (၅) ဦးထက်မပိုသော ပုဂ္ဂိုလ်များကို ဗဟိုကောင်စီဝင်များအဖြစ် ထပ်မံဖြည့်စွက်နိုင်သည်။

## အခန်း (၈)
## အထွေထွေညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ အထွေထွေညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အထွေထွေညီလာခံသည် အသင်း၏ အမြင့်ဆုံးသောအာဏာပိုင်အဖွဲ့ ဖြစ်ခြင်း၊

(ခ) အထွေထွေညီလာခံသည် အသင်းနှင့် ကြက်ခြေနီအသင်း အဆင့်ဆင့်အားလုံးကို ကိုယ်စားပြုခြင်း၊

(ဂ) အထွေထွေညီလာခံတွင် ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ဗဟိုကောင်စီနှင့် ဗဟိုအမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ခွင့်ရှိခြင်း၊

(ဃ) အထွေထွေညီလာခံတွင် ဗဟိုကောင်စီ၏ အစီရင်ခံစာကို အတည်ပြုခြင်း၊

(င) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်ရန်ရှိပါက ဆုံးဖြတ်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(စ) အစည်းအဝေးအစီအစဉ်ပါ ကိစ္စရပ်များကို ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) ဗဟိုကောင်စီက တင်ပြသည့် အသင်းနှင့်စပ်လျဉ်းသည့် မူဝါဒများကို အတည်ပြုခြင်း၊ အထွေထွေညီလာခံတက်ခွင့်ရှိသူ၏ ငါးပုံတစ်ပုံတောင်းဆိုလျှင် အထွေထွေညီလာခံ အထူးအစည်းအဝေးခေါ်ယူကျင်းပခြင်း၊

(ဇ) အထွေထွေညီလာခံတက်ခွင့်ရှိသူ တစ်ဦးလျှင် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိခြင်း။

## အခန်း (၉)
## ဗဟိုကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ ဗဟိုကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကောင်စီသည် အသင်း၏ ကွပ်ကဲအုပ်ချုပ်ရေးအဖွဲ့ဖြစ်ခြင်း၊

(ခ) ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ဂ) ဗဟိုအမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ခွင့်ရှိခြင်း၊

(ဃ) အထွေထွေညီလာခံက ချမှတ်ပေးသော မူဝါဒများကို ဗဟိုအမှုဆောင်အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လမ်းညွှန်ခြင်း၊

(င) ဗဟိုရေးရာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို စိစစ်ခြင်း၊

(စ) နှစ်စဉ် ရ-သုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်အတည်ပြုခြင်း၊

(ဆ) အသင်း၏ ဘဏ္ဍာရေးစည်းမျဉ်းကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ စိစစ်ဆုံးဖြတ်ခြင်း၊

(ဇ) ဗဟိုအမှုဆောင်အဖွဲ့က တင်ပြသော အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်းတွင် သတ်မှတ်သည့်တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ခြင်း၊

(ဈ) ဗဟိုအမှုဆောင်အဖွဲ့က တင်ပြသော အသင်းကဝယ်ယူမည့် သို့မဟုတ် ထုခွဲရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ဆုံးဖြတ်ခြင်း၊

(ည) အသင်းသားအဖြစ် လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ အပြီးအပြတ်ဆုံးဖြတ်ခြင်း၊

(ဋ) ဂုဏ်ထူးဆောင်အသင်းသားအဖြစ် အသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဌ) အသင်းရုံးဝန်ထမ်းဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဍ) ဗဟိုကောင်စီဝင် သုံးပုံတစ်ပုံ၏ တောင်းဆိုချက်အရ အထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်း၊

(ဎ) ဗဟိုမှတင်ပြလာသော ရွေးချယ်တင်မြှောက်ရေးလုပ်ငန်း၊ စည်းမျဉ်းကို အတည်ပြုခွင့်၊ ပြင်ဆင်ခွင့်ရှိခြင်း၊

(ဏ) မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို အသင်း၏တစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်းကိစ္စရပ်များ။

၂၄။ ဗဟိုကောင်စီသည် ဤဥပဒေပါကိစ္စများ အထမြောက်အောင်မြင်စေရန် ပြဋ္ဌာန်းလိုသော နည်းဥပဒေများကို ရေးဆွဲတင်ပြနိုင်သည်။

## အခန်း (၁၀)
## ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၅။ ဗဟိုအမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုအမှုဆောင်အဖွဲ့သည် အသင်း၏ စီမံခန့်ခွဲရေးအဖွဲ့ဖြစ်ခြင်း၊

(ခ) ဗဟိုကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ကြက်ခြေနီအသင်းအဆင့်ဆင့်အား ကြက်ခြေနီလုပ်ငန်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) ဗဟိုကောင်စီသို့ တင်ပြမည့် အစည်းအဝေးအစီအစဉ်များကို ရေးဆွဲအတည်ပြုခြင်း၊

(ဃ) နှစ်စဉ် ရ-သုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲ၍ ဗဟိုကောင်စီသို့ တင်ပြခြင်း၊

(င) နှစ်စဉ်ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဆောင်ရွက်ချက်များကို ဗဟိုကောင်စီသို့ တင်ပြအစီအရင်ခံခြင်း၊

(စ) အသင်း၏ကိုယ်စား ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်း၊ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့်အတိုင်း ပဋိညာဉ်ချုပ်ဆိုခွင့်ရှိခြင်း၊

(ဆ) အသင်းက ဝယ်ယူရင်းနှီးထားသော ယုံကြည်အပ်နှံမှု ငွေချေးသက်သေခံလက်မှတ်များကို ရွေးနုတ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊

(ဇ) ကြက်ခြေနီလုပ်ငန်းဆိုင်ရာရေးရာကော်မတီများ ဖွဲ့စည်းခြင်း၊ တာဝန်သတ်မှတ်ခြင်း၊

(ဈ) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အသင်းခွဲများ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ခြင်း၊

(ည) ပြည်တွင်းပြည်ပရှိ ရည်ရွယ်ချက်တူညီသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဋ) အသင်းသားအမျိုးအစား၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးတို့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဌ) အသင်းသားအဖြစ် လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဍ) ရန်ပုံငွေရှာဖွေရန်လည်းကောင်း၊ မြန်မာကျပ်ငွေ၊ နိုင်ငံခြားသုံးငွေနှင့် ပစ္စည်းများကို လက်ခံသုံးစွဲရန်လည်းကောင်း သက်ဆိုင်ရာလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်း၊ တာဝန်သတ်မှတ်ခြင်း၊

(ဎ) အသင်းက ဝယ်ယူမည့် သို့မဟုတ် ရောင်းချမည့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုကောင်စီသို့ တင်ပြခြင်း၊

(ဏ) အသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များနှင့်စပ်လျဉ်း၍ ပြည်ပမှပုဂ္ဂိုလ်များကို ဖိတ်ခေါ်ခြင်း၊ ပြည်ပသို့ စေလွှတ်ခြင်း၊

(တ) အသင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့် အခမ်းအနားများကို ကျင်းပခြင်း၊

(ထ) အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်းတွင် သတ်မှတ်သည့် တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ခြင်း၊

(ဒ) ရွေးချယ်တင်မြှောက်ခြင်းစည်းမျဉ်းကို ရေးဆွဲ၍ ဗဟိုကောင်စီသို့ တင်ပြရမည်။

၂၆။ ဗဟိုအမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ/ခရိုင်/မြို့နယ်/တက္ကသိုလ်ကောလိပ်အဆင့်ဆင့်အတွက် လိုအပ်သည့် နာယကများ တင်မြှောက်ခြင်းကို အတည်ပြုနိုင်သည်။

## အခန်း (၁၁)
## အသင်း၏အမှတ်အသားအလံနှင့်ရုံးတံဆိပ်

၂၇။ အသင်းသည် ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏နောက်ဆက်တွဲသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသည့် ၁၉၉၁ ခုနှစ်၊ အမျိုးသားအသင်းများ ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အမျိုးသားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံက ကြိုတင်မျှော်မှန်းချမှတ်ထားသော ရည်ရွယ်ချက်အားလုံးအတွက် အဖြူရောင်နောက်ခံပေါ်တွင် အနီရောင်ကြက်ခြေခတ်ကို အသင်း၏ကြက်ခြေနီအမှတ်အသားအဖြစ် သုံးစွဲခွင့်ရှိစေရမည်။

၂၈။ ကြက်ခြေနီအမှတ်အသားသည် အောက်ပါအတိုင်းဖြစ်သည်။

၂၉။ အသင်းသည် အောက်တွင် ဖော်ပြထားသည့်အတိုင်း အဖြူရောင်နောက်ခံပေါ်တွင် အနီရောင်ကြက်ခြေခတ်နှင့်အတူ ခြင်္သေ့နှစ်ကောင် ကျောချင်းကပ်လျက်ပါဝင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု မြန်မာစာဖြင့် ရေးသားထားသည့် အမှတ်တံဆိပ်ကို အသင်း၏ ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုံးတံဆိပ်နှင့် အလံအဖြစ် အသုံးပြုရမည်။

၃၀။ အသင်း၏အမည်၊ ရုံးတံဆိပ်နှင့် အလံကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ယင်းတို့အား အသုံးပြုခြင်းနှင့် တပ်ဆင်ဖော်ပြခြင်းသည် အသင်း၏ သီးသန့်မူပိုင်ဖြစ်ပါသည်။

၃၁။ ကြက်ခြေနီအမှတ်တံဆိပ်၊ အလံ၊ ကြက်ခြေနီဆက်စပ်တံဆိပ်များ၏ အရွယ်အစားအသုံးပြုရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ကြက်ခြေနီအမှတ်အသားနှင့် ကြက်ခြေနီတံဆိပ်များကို လွဲမှားစွာသုံးစွဲခြင်းမှ ကာကွယ်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကြက်ခြေနီအမှတ်အသားဥပဒေ (Emblem Law) ကို သီးခြားရေးဆွဲပြဋ္ဌာန်းရမည်။

## အခန်း (၁၂)
## ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု ပြဋ္ဌာန်းချက်များ

၃၂။ ပြည်ထောင်စုအစိုးရသည် အသင်း၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းများနယ်ပယ်အတွင်း အသင်းသို့ တာဝန်ပေးအပ်နိုင်သော ဝန်ဆောင်မှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် သင့်လျော်သော ရန်ပုံငွေလျာထားပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ အသင်းသည် ချမှတ်ထားသော ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်အတွင်းမှ ပစ္စည်းများကို လက်ဝယ်ရယူခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် သင့်လျော်သလို စီမံဆောင်ရွက်ခြင်းပြုနိုင်သည်။ ဥပဒေနှင့်အညီ အိမ်ခြံမြေလှူဒါန်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းကိုလည်း အသင်း၏အကျိုးစီးပွား သို့မဟုတ် အသုံးပြုရန်အတွက် လက်ခံနိုင်သည်။

၃၄။ အသင်းသည် ယင်း၏ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်နှင့်အညီ ထောက်ပံ့ငွေနှင့် အကူအညီများကို တစ်ဦးချင်းထံမှဖြစ်စေ၊ အာဏာပိုင်အဖွဲ့များထံမှဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အများပြည်သူအဖွဲ့များထံမှ ဖြစ်စေ လက်ခံနိုင်သည်။ အသင်းသည် ကိစ္စရပ်တစ်ခုအတွက် ယုံမှတ်အပ်နှံသည့် ရန်ပုံငွေ သို့မဟုတ် ပစ္စည်းများကို ကိုယ်စားလှယ် သို့မဟုတ် ဘဏ္ဍာထိန်း သို့မဟုတ် ပစ္စည်းထိန်းအဖြစ် လက်ခံထားနိုင်ပြီး ယင်းတာဝန်တို့ကို သတ်မှတ်ထားသော အသင်း၏ ရည်မှန်းချက်နှင့် ယေဘုယျလုပ်ငန်းနယ်ပယ်အတွင်း၌သာ အသုံးပြုရမည်။

၃၅။ အသင်းသည် ယင်း၏ဝန်ထမ်းများအတွက် သို့မဟုတ် လုပ်ငန်းတစ်ခုခုအတွက် သီးသန့်ရန်ပုံငွေ၊ အာမခံရန်ပုံငွေ သို့မဟုတ် အခြားရန်ပုံငွေများကို ထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၆။ ဘဏ္ဍာငွေအရင်းအမြစ်များ၊ အိမ်ခြံမြေများ အပါအဝင် အသင်း၏ဥပဒေနှင့်အညီ ပိုင်ဆိုင်ပစ္စည်းများနှင့် ရန်ပုံငွေရှာဖွေရေးလုပ်ငန်းများမှ ဝင်ငွေများအပေါ်တွင် အခွန်အကောက်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဦးစွာညှိနှိုင်းဆောင်ရွက်ရမည်။

၃၇။ အသင်းသို့ လှူဒါန်းသော ငွေနှင့်ပစ္စည်းများအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် တရားဝင်အဖွဲ့အစည်းအား အခွန်ကင်းလွတ်ခွင့်ရရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဦးစွာညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၃၈။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ မူဝါဒများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက် )

## မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၅)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ ပုဒ်မ ၁၁၊ ၁၃၊ ၃၀၊ ပုဒ်မခွဲ (ဆ) နှင့် ပုဒ်မ ၃၃ တို့ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ပါရှိသည့် **"the Excise Commissioner"** ဆိုသည့် စကားရပ်ကို **"the Director General of the General Administration Department"** ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ (ဂ) တို့တွင် ပါရှိသော **"the Excise Department"** ဟူသည့် စကားရပ်ကို **"the General Administration Department"** ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၀ တွင် ပါရှိသော **"shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both"** ဆိုသည့် စကားရပ်ကို **"shall be punishable with imprisonment for a term from a minimum of six months to a maximum of two years, or shall be liable to fine with a minimum of one million kyats to a maximum of two million kyats or with both"** ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော **“shall be punishable with imprisonment which may extend to one year and shall also be liable to fine”** ဆိုသည့် စကားရပ်ကို **“shall be punishable with imprisonment for a term from a minimum of one year to a maximum of three years and shall also be liable to fine with a minimum of two million kyats to a maximum of three million kyats”** ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက် )

**သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင် ပါရှိသော “စာတမ်းအမှတ်အသား” ဆိုသည့် စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ယင်းအောက်တွင် ပါရှိသောဥပမာများကို အောက်ပါစကားရပ်များအတိုင်း အစားထိုးရမည် -

"document" includes, in addition to a document in writing -

(1) any map, plan, graph or drawing;

(2) any photograph;

(3) any label, marking or other writing which identifies or describes anything of which it forms a part, or to which it is attached by any means whatsoever;

(4) any disc, tape, sound-track or other device in which sounds or other data (not being visual images) are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom;

(5) any film (including microfilm), negative, tape, disc or other device in which one or more visual images are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom; and

(6) any paper or other material on which there are marks, impressions, figures, letters, symbols or perforations having a meaning for persons qualified to interpret them;

"electronic record" means a record generated, sent, received or stored by means of electronic, magnetic, optical or any other similar technologies in an information system or for transmission from one information system to another"; and

"copy of a document" includes-

(1) in the case of a document falling within paragraph (4) but not paragraph (5) of the definition of "document", a transcript of the sounds or other data embodied in it;

(2) in the case of a document falling within paragraph (5) but not paragraph (4) of that definition, a reproduction or still reproduction of the image or images embodied in it, whether enlarged or not;

(3) in the case of a document falling within paragraphs (4) and (5) of that definition, such a transcript together with such a still reproduction; and

(4) in the case of a document not falling within paragraph (5) of that definition of which a visual image is embodied in a document falling within that paragraph, a reproduction of that image, whether enlarged or not,

and any reference to a copy of the material part of a document must be construed accordingly"

၃။ သက်သေခံအက်ဥပဒေပုဒ်မ ၉ ဥပမာ (စ) ၏အောက်တွင် (ဆ) အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည် -

"(g) A seeks to adduce evidence against B in the form of an electronic record. The method and manner in which the electronic record was (properly or improperly) generated, sent, received or stored (by A or B), the reliability of the devices and the circumstances in which the devices were (properly or improperly) used or operated to generate, sent, receive or store the electronic record, may be relevant facts (if the contents are relevant) as authenticating the electronic record and therefore as explaining or introducing the electronic record, or identifying it as the relevant electronic record to support a finding that the record is, or is not, what its proponent A claims"

၄။ သက်သေခံအက်ဥပဒေပုဒ်မ ၁၇ ကို ပုဒ်မ ၁၇ ပုဒ်မခွဲ (၁) ဟု ပြင်ဆင်ရေးသား၍ ပုဒ်မ ၁၇ ပုဒ်မခွဲ (၁) ၏အောက်တွင် ပုဒ်မခွဲ (၂) အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည် -

17 (2). A confession is an admission made at any time by a person accused of an offence, stating or suggesting the inference that he committed that offence.

၅။ သက်သေခံအက်ဥပဒေပုဒ်မ ၆၀ ၏အောက်တွင် ပုဒ်မ ၆၀-က အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည် -

**Evidence through live video or live television links**

60 A. (1) Notwithstanding any other provision of this Act, a person may, with leave of the court, give evidence through a live video or live television link in any proceedings, other than proceedings in a criminal matter, if –

(a) the witness is below the age of 16 years;

(b) it is expressly agreed between the parties to the proceedings that evidence may be so given;

(c) the witness is outside the Republic of the Union of Myanmar; or

(d) the court is satisfied that it is expedient in the interests of justice to do so.

(2) In considering whether to grant leave for a witness outside the Republic of the Union of Myanmar to give evidence by live video or live television link under this section, the court shall have regard to all the circumstances of the case including the following:

(a) the reasons for the witness being unable to give evidence in the Republic of the Union of Myanmar.

(b) the administrative and technical facilities and arrangements made at the place where the witness is to give his evidence; and

(c) whether any party to the proceedings would be unfairly prejudiced.

(3) The court may, in granting leave under subsection (1), make and order on all or any of the following matters:

(a) the persons who may be present at the place where the witness is giving evidence;

(b) that a person be excluded from the place while the witness is giving evidence;

(c) the persons in the courtroom who must be able to be heard, or seen and heard, by the witness and by the persons with the witness;

(d) the person in the courtroom who must not be able to be heard, or seen and heard, by the witness and by the persons with the witness;

(e) the person in the courtroom who must be able to see and hear the witness and the persons with the witness;

(f) the stages in the proceedings during which a specified part of the order is to have effect;

(g) the method of operating of the live video or live television link system including compliance with such minimum technical standards as may be determined by the Chief Justice of the Union; and

(h) any other order the court considers necessary in the interests of justice.

(4) The court may revoke, suspend or vary any order made under this section if-

(a) the live video or live television link system stops working and it would cause unreasonable delay to wait until a working system becomes available;

(b) it is necessary for the court to do so to comply with its duty to ensure that the proceedings are conducted fairly to the parties thereto;

(c) it is necessary for the court to do so, so that the witness can identify a person or a thing or so that the witness can participate in or view a demonstration or an experiment;

(d) it is necessary for the court to do so because part of the proceedings is being heard outside a courtroom; or

(e) there has been a material change in the circumstances after the court has made an order.

(5) The court shall not make an order under this section, or include a particular provision in such an order, if to do so would be inconsistent with the court's duty to ensure that the proceedings are conducted fairly to the parties to the proceedings.

(6) An order made under this section shall not cease to have effect merely because the person in respect of whom it was made attains the age of 16 years before the proceedings in which it was made are finally determined.

(7) Evidence given by a witness, whether in the Republic of the Union of Myanmar or elsewhere, through a live video or live television link by virtue of this section shall be deemed for the purposes of section 193, 194, 195, 196, 205 and 209 of the Penal Code as having been given in the proceedings in which it is given.

(8) Where a witness gives evidence in accordance with this section, he shall, for the purpose of this Act, be deemed to be giving evidence in the presence of the court.

၆။ သက်သေခံအက်ဥပဒေပုဒ်မ ၆၂ ရှင်းလင်းချက် (၂) နှင့် ဥပမာ၏အောက်တွင် အောက်ပါ ရှင်းလင်းချက်နှင့် ဥပမာများကို ဖြည့်စွက်ရမည် -

"Explanation 3 – Notwithstanding Explanation 2, if a copy of a document in the form of an electronic record is shown to reflect that document accurately, then the copy is primary evidence.

**Illustrations**

(a) An electronic record, which has been manifestly or consistently acted on, relied upon, or used as the information recorded or stored on the computer system (the document), is primary evidence of that document.

(b) If the electronic record has not been manifestly or consistently acted on, relied upon, or used as a record of the information in the document, the electronic record may be a copy of the document and treated as secondary evidence of that document."

၇။ သက်သေခံအက်ဥပဒေပုဒ်မ ၆၃ ပုဒ်မခွဲ (၂) ကို အောက်ပါစကားရပ်အဖြစ် အစားထိုးရမည် -

(2) except for copies referred to Explanation 3 to Section 62, copies made from the original by electronic, electrochemical, chemical, magnetic, mechanical, optical, telematic or other technical processes, which in themselves ensure the accuracy of the copy, and copies compared with such copies;

၈။ (က) သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ကို ပုဒ်မ ၆၇ ပုဒ်မခွဲ (၁) ဟု ပြင်ဆင်ရေးသား၍ ပုဒ်မ ၆၇ ပုဒ်မခွဲ (၁) ၏အောက်တွင် ပုဒ်မခွဲ (၂) အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည် -

"(2) This section shall not apply to any electronic record, electronic data message or electronic signature to which the Electronic Transactions law 2004 applies."

၉။ သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ပုဒ်မခွဲ (၂) ၏အောက်တွင် ပုဒ်မ ၆၇-က အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည် -

"Requirement for signature

**67A** Where a rule of law requires a signature, or provides for certain consequences if a document or a record is not signed, that requirement is satisfied in relation to an electronic record if-

(a) a method is used to identify the person and to indicate that person's intention in respect of the information contained in the electronic record; and

(b) the method is used either-

(i) as reliable as appropriate for the purpose for which the electronic record was generated or communicated, in the light of all the circumstances, including any relevant agreement; or

(ii) proven in fact to have fulfilled the functions described in paragraph (a), by itself or together with further evidence.

၁၀။ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄ ၏ အောက်တွင် ပုဒ်မ ၁၁၄-က အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည် -

"Presumptions in relation to electronic records

**114 A** (1) Unless evidence sufficient to raise doubt about the presumption is adduced, where a device or process is one that, or is of a kind that, if properly used, ordinarily produces or accurately communicates an electronic record, the court shall presume that in producing or communicating that electronic record on the occasion in question, the device or process produced or accurately communicated the electronic record.

**Illustration**

***A*** seeks to adduce evidence in the form of an electronic record or document produced by an electronic device or process. A proves that the electronic device or process in question is one that, or is of a kind that, if properly used, ordinarily produces that electronic record or document. This is a relevant fact for the court to presume that in producing the electronic record or document on the occasion in question, the electronic device or process produced the electronic record or document which A seeks to adduce.

(2) Unless evidence to the contrary is adduced, the court shall presume that any electronic record generated, recorded or stored is authentic if it is established

that the electronic record was generated, recorded or stored in the usual and ordinary course of business by a person who was not a party to the proceedings on the occasion in question and who did not generate, record or store it under the control of the party seeking to introduce the electronic record.

**Illustration**

***A*** seeks to adduce evidence against **B** in the form of an electronic record. The fact that the electronic record was generated, recorded or stored in the usual and ordinary course of business by **C**, a neutral third party, is a relevant fact for the court to presume that the electronic record is authentic.

(3) Unless evidence to the contrary is adduced, where an electronic record was generated, recorded or stored by a party who is adverse in interest to the party seeking to adduce the evidence, the court shall presume that the electronic record is authentic in relation to the authentication issues arising from the generation, recording or storage of that electronic record.

**Illustration**

**A** seeks to adduce evidence against **B** in the form of an electronic record. The fact that the electronic record was generated, recorded or stored by B, who opposes the relevance of the evidence is a relevant fact for the court to presume that the electronic record is authentic.

(4) For the purposes of subsection (2), in criminal proceedings a party to the proceedings shall include–

(a) the police officer or other officer of a law enforcement agency who was involved in the investigation of offences allegedly committed by the accused person; or

(b) an accomplice of the accused person even though he is not charged with an offence in the same proceedings.

(5) The matters referred to in this section may be established by an affidavit given to the best of the deponent's knowledge and belife"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆ (က) အတွက်] ထုတ်ပြန်ကြေညာခြင်း**

ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ် ဦးဆောင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုး၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသော **ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆**

**(က) အတွက်]** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး စသည့် အမြင်များ ရှိရမည်။

(စ) မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြား အစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ။"

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"(ဂ) ယင်းအစုအဖွဲ့တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက် တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ရမည်။"

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (ခ) ကို အောက်ပါ အတိုင်း အစားထိုးရမည် -

"(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏အာဏာကို လွှဲအပ်ဆောင်ရွက် စေသည့်နေ့ရက်မှစ၍ ထူးခြားသောအခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ခြွင်းချက်ပြုပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်

ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၃၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း (၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း (၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း (၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း (၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း (၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း (၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ အခန်း (၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနှစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ခုနှစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆ (ခ) အတွက်] ထုတ်ပြန်ကြေညာခြင်း

ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ် ဦးဆောင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုး၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသော **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း [ပုဒ်မ ၄၃၆ (ခ) အတွက်]** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - )

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၂၊ ၆၃ နှင့် ၆၄ တို့ကို ပယ်ဖျက်ရမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(င) ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။"**

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(င) အမျိုးသားလွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။"**

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ တွင် -

(က) ပုဒ်မခွဲ (ခ) ၏ ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ခ) ×××××**

(၁) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များထဲမှ ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊"

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ဂ) နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက် ရယူရမည်။"**

(ဂ) ပုဒ်မခွဲ (ဈ) နှင့် (ည) တို့ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ည) ၏ ပုဒ်မခွဲငယ် (၁) ကို ပယ်ဖျက်၍ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မခွဲ (ည) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(စ) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်း**

**စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်သားဖြစ်ပါက ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်စေရမည်။"**

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ တွင် ပါရှိသော **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်"** ဆိုသည့် စကားရပ်ကို **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ၏ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်နိုင်ရန် -**

**(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။**

**(၂) ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။**

**(ဂ) နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။**

**(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ အရည်အချင်းများ နှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသောပုဂ္ဂိုလ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်ရှိစေရမည်။**

**(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတထံ ထပ်မံတင်သွင်းခွင့်ရှိသည်။"**

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က) ၏ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) ×××**

**(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။**

**(၂) လုံခြုံရေးရာနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံရမည်။"**

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ခ) နှင့် (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။**

**(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်များမှအပ အခြားတာဝန်များအတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။"**

၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ တွင် -

(က) ပုဒ်မခွဲ (က) အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း သက်ဆိုင်ရာ လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။"**

(ခ) ပုဒ်မခွဲ (ခ) အောက်ပါအတိုင်း အစားထိုးရမည် -

**"(ခ) ××××××××**

**(၁) လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။ ခိုင်လုံသောအထောက်အထား အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို ငြင်းပယ်ခွင့်မရှိစေရ။"**

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော **"ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း"** ဆိုသည့် အစုခေါင်းစဉ်ကို **"ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်း"** ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉ တွင် -

(က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် နှစ်ဦးအပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ဦးရေ အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်သည်။"**

(ဂ) (၁) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့က ဒုတိယပြည်ထောင်စုတရားသူကြီးတစ်ဦးစီ ရွေးချယ်ထားသည့် အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။

(၂) ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စုတရားသူကြီး ချုပ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ မရှိကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဒုတိယအကြီးအမှူးများ ပါဝင်သည့်အဖွဲ့က စိစစ် ရမည်။

(၃) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး ပါဝင်သော ပြည်ထောင်စု တရားသူကြီးချုပ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ပြည်ထောင်စုတရားသူကြီး ချုပ်လောင်းများဖြစ်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သုံးဦး အနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် တစ်ဦးကို ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဆန္ဒမဲပေးရွေးချယ် တင်မြှောက်ရမည်။

(၄) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် နှစ်ဦးတို့ ညှိနှိုင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရား သူကြီးများ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်။

(၅) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့် အချက် အထင်အရှားပေါ်ပေါက်ပါက ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ခန့်အပ်ရန် အမည် စာရင်း တင်သွင်းခံရသူများကို ငြင်းပယ်နိုင်ခွင့် ရှိစေရမည်။

(၆) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိ သည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(၇) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်တင်မြှောက် ခဲ့သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် များနှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ် များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးရမည်။"

(ခ) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၁၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၀၀။ (က) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်။

(ခ) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၁၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော **"ပြည်ထောင်စုတရား သူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏အရည်အချင်းများ"** ဆိုသည့် အစုခေါင်းစဉ်ကို **"ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏အရည်အချင်းများ"** ဆိုသည့် အစု ခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ တွင် -

(က) စာကိုယ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၃၀၁။ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် -"**

(ခ) ပုဒ်မခွဲ (ဃ) ၏ ပုဒ်မခွဲငယ် (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ဃ) (၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။"**

၁၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော **"ပြည်ထောင်စုတရား သူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း"** ဆိုသည့် အစုခေါင်းစဉ်ကို **"ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း"** ဆိုသည့် အစုခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၁၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင် နိုင်သည် -"**

(ခ) ပုဒ်မခွဲ (က) ၏ ပုဒ်မခွဲငယ် (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) ××××××**

**(၄) ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်း ပျက်ယွင်းခြင်း၊"**

၁၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ တွင် -

(က) ပုဒ်မခွဲ (ခ) ၏ ပုဒ်မခွဲငယ် (၈) နှင့် (၉) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ခ) ××××××**

**(၈) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။**

**(၉) ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။"**

(ခ) ပုဒ်မခွဲ (ဂ) ၏ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ဂ) ××××**

**(၂) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့်လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။"**

၂၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၃၀၃။ (က) ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည် -**

**(၁) မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊**

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊**

**(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊**

**(၄) ကွယ်လွန်ခြင်း။**

**(ခ) အပိုဒ်ခွဲ (က) အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု**

တရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ပုဒ်မ ၃၀၃၊ ပုဒ်မခွဲ (က) ပါ အကြောင်းတစ်ရပ်ရပ်အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်အား ဖြည့်စွက်ခန့်အပ် တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ် တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအသစ်၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၏ ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးသည်အထိ ဖြစ်စေရမည်။"

၂၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၁၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည် -

(၁) မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှရပ်စဲခံရခြင်း၊

(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊

(၄) ကွယ်လွန်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသွားသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအသစ်များကို ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ပုဒ်မ ၃၁၂၊ ပုဒ်မခွဲ (က) ပါ အကြောင်းတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး

**သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ်များအား ဖြည့်စွက် ခန့်အပ် တာဝန်ပေးနိုင်သည်။ ထိုသို့ဖြည့်စွက်ခန့်အပ် တာဝန်ပေးခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအသစ်များ၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးများ၏ ကျန်ရှိသည့် ရာထူးသက်တမ်း ကုန်ဆုံးသည် အထိသာ ဖြစ်စေရမည်။"**

၂၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၃၂၁။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ် ထားသည့် အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း ရွေးချယ်ထားသည့် အဖွဲ့ဝင် ကိုးဦး၏အမည် စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းရွေးချယ်ထားသည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူ ရမည်။"**

၂၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၃၂၄။ (က) ပုဒ်မ ၃၂၃ အရ ချမှတ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။**

**(ခ) အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသည့် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၃၂၄ (က) အရ ချမှတ်သော ဆုံးဖြတ်ချက်မှအပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်စိစစ်ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်ပြလာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြန်လည်စိစစ် ဆုံးဖြတ်ပေးနိုင်သည်။"**

၂၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃၊ ပုဒ်မခွဲ (ဃ) ၏ ပုဒ်မခွဲငယ် (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(ဃ) (၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော် သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။"**

၂၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၂၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံးခြောက်ဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။"**

၂၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(က) ဥပဒေနှင့်အညီ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊"**

၂၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂၊ ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၂၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် -

**"(က) ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဌ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -**

**(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီး၊**

**(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်း၊**

**(ဎ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်၊**

**(ဏ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊**

**(တ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပြည်တွင်းပြည်ပမှ ငွေချေးယူခြင်း၊**

**(ထ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်ပစ္စည်း ရယူခြင်း၊**

**(ဒ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဆောင်ရွက်ခွင့်ရှိသည့် ပြည်ပမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့ရယူခြင်း။**

**(ခ) စီးပွားရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဂ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -**

**(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊**

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်း။

(ဂ) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဆ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်း၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် စိုက်ပျိုးရေးနှင့်မိုးလေဝသလုပ်ငန်း။

(ဃ) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (င) ၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(စ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အချိုးအစား သတ်မှတ်ပေးရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်း၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု (၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှ အပ ကျန်သစ်များ၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီမံခန့်ခွဲခွင့်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး။

(င) စက်မှုလက်မှုကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ခ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဂ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုဇုန်များ။

(စ) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဂ) ၏ အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊

(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(စ) ပြည်ထောင်စုက စီမံခန့်ခွဲသည့် လုပ်ငန်းများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ခွင့်ရှိသော စက်လှေနှင့် သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊

(ဆ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေး၊

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံများ။

(ဆ) လူမှုရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဆ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဇ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အခြေခံပညာကျောင်းများ၊ စီမံရေးကိစ္စရပ်များ၊

(ဈ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုသိုလ်ဖြစ်ဆေးရုံများနှင့် ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊

(ည) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန် စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်ရေး၊

(ဋ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊

(ဌ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊

(ဍ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်နှင့် ဗီဒီယိုလုပ်ငန်းများ။

**(ဇ) စီမံခန့်ခွဲရေးကဏ္ဍ၌ ပါရှိသော အမှတ်စဉ် (ဂ) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -**

**(ဃ) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ယစ်မျိုးစီမံခန့်ခွဲခွင့်ဆိုင်ရာကိစ္စရပ်များ၊**

**(င) ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ။"**

၃၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၅) တွင် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံရမည့် အခွန်အခများစာရင်း၌ပါရှိသော အမှတ်စဉ် ၁၉ ၏ အောက်တွင် အောက်ပါတို့ကို ဖြည့်စွက်ရမည် -

**"၂၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အရင်းအနှီးဆိုင်ရာအခွန်အခများ၊**

**၂၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အာမခံလုပ်ငန်းဆိုင်ရာအခွန်အခများ၊**

**၂၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန်ဆိုင်ရာအခွန်အခများ၊**

**၂၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာအခွန်အခများ၊**

**၂၄။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အကောက်အခွန်ဆိုင်ရာအခွန်အခများ၊**

**၂၅။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာအခွန်အခများ၊**

**၂၆။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာအခွန်အခများ၊**

**၂၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆိုင်ရာအခွန်အခများ၊**

**၂၈။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာအခွန်အခများ၊**

**၂၉။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာအခွန်အခများ၊**

**၃၀။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့်သတ္တုတွင်းဆိုင်ရာအခွန်အခများ၊**

**၃၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာအခွန်အခများ၊**

**၃၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု (၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်န်းနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားများနှင့်သက်ဆိုင်သည့် အခွန်အခများ၊**

**၃၃။** **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာအခွန်အခများ၊**

**၃၄။** **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သင်္ဘောငယ်များ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများ၊**

**၃၅။** **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ၊**

**၃၆။** **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့်အဆောက်အအုံများဆိုင်ရာအခွန်အခများ၊**

**၃၇။** **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းနှင့် သင်တန်းများဆိုင်ရာ အခွန်အခများ၊**

**၃၈။** **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ၊**

**၃၉။** **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများ။"**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၅

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။ )

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲငယ် (၁) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၅၅ တို့တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်း မဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက် )

**ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းခြင်း**

၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၈ ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးစိုးလွင်၊ သံအမတ်ကြီး (ငြိမ်း) အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

အမှတ် ၃၂၇ ။ ။ ခွင့်ပြုပြီးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဖွဲ့စည်းပုံအင်အားအရ လစ်လပ်လျက်ရှိသော ရာထူးနေရာများတွင် ခန့်အပ်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၅ ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုသော အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်မှ ကြည်း ၃၄၄၅၂ ဗိုလ်မှူးကိုကိုလွင်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သတင်းအချက်အလက်နည်းပညာနှင့် ပြည်သူ့ဆက်ဆံရေးဌာန၊ သတင်းအချက်အလက် နည်းပညာဌာနခွဲတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာ၌ ခန့်အပ်ထားလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၃၆၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၄၄၆ အရ ဒုတိယမြို့နယ်တရားသူကြီးများအဖြစ် ခန့်အပ်ထားသော အောက်ဖော်ပြပါ တတိယတန်း ရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ နှင့်အညီ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ဒုတိယတန်း ရာဇဝတ်အာဏာနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၄၊ ၁၆၇၊ ၁၉၀၊ ၂၀၆ နှင့် ၅၆၂ ပါ ထပ်ဆင့်အာဏာများကို အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်ခိုင်ဇင်ဦး (တ/၃၀၉၅) | ဗိုလ်တထောင် |
| ၂။ | ဒေါ်လှယဉ်ဝင်း (တ/၃၀၉၆) | မြစ်ကြီးနား |
| ၃။ | ဒေါ်အိအိဖြူ (တ/၃၀၉၇) | ကြည့်မြင်တိုင် |
| ၄။ | ဒေါ်ခိုင်မာလာအေးကြည် (တ/၃၀၉၈) | ပဲခူး |
| ၅။ | ဒေါ်မိုးမိုးအေး (တ/၃၀၉၉) | ချမ်းအေးသာစံ |
| ၆။ | ဒေါ်ဖူးပွင့်အောင် (တ/၃၁၀၀) | ဒဂုံမြို့သစ် (တောင်ပိုင်း) |
| ၇။ | ဒေါ်ချိုချိုမာ (တ/၃၁၀၁) | ပန်းဘဲတန်း |
| ၈။ | ဦးကျော်ကိုကိုနိုင် (တ/၃၁၀၂) | ပုသိမ် |
| ၉။ | ဒေါ်အိအိချို (တ/၃၁၀၃) | မဟာအောင်မြေ |
| ၁၀။ | ဒေါ်သူဇာမွန် (တ/၃၁၀၄) | ကျောက်တံတား |
| ၁၁။ | ဒေါ်ဖြိုးဖြိုးအေး (တ/၃၁၀၅) | မုံရွာ |
| ၁၂။ | ဒေါ်ဝင်းစန္ဒာဦး (တ/၃၁၀၆) | မင်္ဂလာတောင်ညွန့် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁၃။ | ဒေါ်နန်းဇင်မင်းထက် (တ/၃၁၀၇) | မင်္ဂလာဒုံ |
| ၁၄။ | ဒေါ်ဖြိုးငြိမ်းစံ (တ/၃၁၀၈) | မြင်းမူ |
| ၁၅။ | ဒေါ်စံပယ်ဇော် (တ/၃၁၀၉) | ကမာရွတ် |
| ၁၆။ | ဦးမင်းမောင်မောင် (တ/၃၁၁၀) | လှိုင်သာယာ |
| ၁၇။ | ဒေါ်ဆုလတ်ဟန်နီ (တ/၃၁၁၁) | ပုဇွန်တောင် |
| ၁၈။ | ဒေါ်ချစ်စုဝင်း (တ/၃၁၁၂) | သာကေတ |
| ၁၉။ | ဒေါ်လှိုင်မြတ်အေး (တ/၃၁၁၃) | ပျဉ်းမနား |
| ၂၀။ | ဦးယုဇင်အောင် (တ/၃၁၁၄) | ကော့မှူး |
| ၂၁။ | ဦးထက်လင်းအောင် (တ/၃၁၁၅) | ဝိုင်းမော် |
| ၂၂။ | ဒေါ်ဆွေမာဦး (တ/၃၁၁၆) | မြောက်ဥက္ကလာပ |
| ၂၃။ | ဒေါ်စန္ဒာလွင် (တ/၃၁၁၇) | အမရပူရ |
| ၂၄။ | ဦးဟိန်းထက်ထက်အောင် (တ/၃၁၁၈) | မတ္တရာ |
| ၂၅။ | ဒေါ်မိုးပြည့်စုံခင် (တ/၃၁၁၉) | ဒေါပုံ |
| ၂၆။ | ဒေါ်သက်ထားဖြူ (တ/၃၁၂၀) | မော်လမြိုင် |
| ၂၇။ | ဒေါ်ရွှေရည်ဦး (တ/၃၁၂၁) | မိတ္ထီလာ |
| ၂၈။ | ဒေါ်အေးယုမွန် (တ/၃၁၂၂) | ကျိုင်းတုံ |
| ၂၉။ | ဦးလင်းထိန် (တ/၃၁၂၃) | ဇမ္ဗူသီရိ |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၃၀။ | ဒေါ်စုမြတ်မွန် (တ/၃၁၂၄) | သန်လျင် |
| ၃၁။ | ဦးမျိုးထွန်းလင်း (တ/၃၁၂၅) | ဒဂုံမြို့သစ် (အရှေ့ပိုင်း) |
| ၃၂။ | ဒေါ်စုစုလှိုင် (တ/၃၁၂၆) | ရွှေဘို |
| ၃၃။ | ဒေါ်ခင်မေသက်နိုင် (တ/၃၁၂၇) | ဒဂုံ |
| ၃၄။ | ဒေါ်ဝင်းအိအိထွေး (တ/၃၁၂၈) | လှည်းကူး |
| ၃၅။ | ဦးစွမ်းထက်နိုင် (တ/၃၁၂၉) | မလှိုင် |
| ၃၆။ | ဦးဇော်ဇော်အောင် (တ/၃၁၃၀) | တပ်ကုန်း |
| ၃၇။ | ဒေါ်ဥမ္မာမြင့် (တ/၃၁၃၁) | ပျော်ဘွယ် |
| ၃၈။ | ဒေါ်ခင်သူဇာဆွေ (တ/၃၁၃၂) | ဆိပ်ကမ်း |
| ၃၉။ | ဒေါ်စုရတနာလှိုင် (တ/၃၁၃၃) | တောင်ကြီး |
| ၄၀။ | ဒေါ်မေသူဟန် (တ/၃၁၃၄) | ဒဂုံမြို့သစ် (မြောက်ပိုင်း) |
| ၄၁။ | ဦးစိုင်းရဲသူ (ခ) ဦးရဲသူ (တ/၃၁၃၅) | မအူပင် |
| ၄၂။ | ဒေါ်ထက်ယုယုအောင် (တ/၃၁၃၆) | တောင်တွင်းကြီး |
| ၄၃။ | ဦးအောင်ဇော်ထူး (တ/၃၁၃၇) | မြင်းခြံ |
| ၄၄။ | ဦးဇော်လင်း (တ/၃၁၃၈) | လှိုင်သာယာ |
| ၄၅။ | ဒေါ်နှင်းဟေမာန်ဝင့် (တ/၃၁၃၉) | ရန်ကင်း |
| ၄၆။ | ဦးသန်းဝင်း (တ/၃၁၄၀) | ထန်းတပင် ရန်ကုန်တိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၄၇။ | ဒေါ်အေးချယ်ရီနိုင် (တ/၃၁၄၁) | သာစည် |
| ၄၈။ | ဒေါ်ဝင့်ဝါကျော် (တ/၃၁၄၂) | ရမည်းသင်း |
| ၄၉။ | ဦးဇင်ဝေယံပိုင် (တ/၃၁၄၃) | တွံတေး |
| ၅၀။ | ဦးဇာလီစံ (တ/၃၁၄၄) | ကျောက်တန်း |
| ၅၁။ | ဒေါ်မိုးမိုးအောင် (တ/၃၁၄၅) | တောင်ဥက္ကလာပ |
| ၅၂။ | ဦးဉာဏ်လင်းထက် (တ/၃၁၄၆) | သဃ်န်းကျွန်း |
| ၅၃။ | ဒေါ်တင်လင်းခိုင် (တ/၃၁၄၇) | ကွမ်းခြံကုန်း |
| ၅၄။ | ဒေါ်ဇူဇန်မင်း (တ/၃၁၄၈) | ဇီးကုန်း |
| ၅၅။ | ဦးချမ်းမြေ့နိုင် (တ/၃၁၄၉) | ချောင်းဦး |
| ၅၆။ | ဒေါ်သင်းသီရိဝင်း (တ/၃၁၅၀) | လယ်ဝေး |
| ၅၇။ | ဦးသီဟလွင် (တ/၃၁၅၁) | နွားထိုးကြီး |
| ၅၈။ | ဦးဟိန်းသူရိန် (တ/၃၁၅၂) | ကန့်ဘလူ |
| ၅၉။ | ဦးဇေယျာဖြိုး (တ/၃၁၅၃) | သံတွဲ |
| ၆၀။ | ဒေါ်ရူပါနေဝင်း (တ/၃၁၅၄) | တောင်ဥက္ကလာပ |
| ၆၁။ | ဦးအောင်မိုး (တ/၃၁၅၅) | ဝေါ |
| ၆၂။ | ဦးရဲမင်းထွန်း (တ/၃၁၅၆) | ဒလ |
| ၆၃။ | ဒေါ်သဇင်မြင့်ဇော် (တ/၃၁၅၇) | ချမ်းမြသာစည် |
| ၆၄။ | ဦးအောင်ငြိမ်းချမ်း (တ/၃၁၅၈) | ပြင်ဦးလွင် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၆၅။ | ဦးလှမျိုးဝင်း (တ/၃၁၅၉) | ပုသိမ်ကြီး |
| ၆၆။ | ဦးကျော်သက်ဟိန်း (တ/၃၁၆၀) | မှော်ဘီ |
| ၆၇။ | ဦးဖြိုးမောက် (တ/၃၁၆၁) | မိုးကောင်း |
| ၆၈။ | ဦးရန်နိုင်မိုးထွန်း (တ/၃၁၆၂) | ဒေးဒရဲ |
| ၆၉။ | ဦးညဏ်လင်းထွန်း (တ/၃၁၆၃) | ဟုမ္မလင်း |
| ၇၀။ | ဒေါ်ဆုနှင်းမြတ် (တ/၃၁၆၄) | ညောင်တုန်း |
| ၇၁။ | ဦးဖြိုးဟန်ထွန်း (တ/၃၁၆၅) | ကန်ကြီးထောင့် |
| ၇၂။ | ဦးနော်ဂျာအောင် (တ/၃၁၆၆) | သာယာဝတီ |
| ၇၃။ | ဦးဝေဇင်ဦး (တ/၃၁၆၇) | ကျောင်းကုန်း |
| ၇၄။ | ဦးအောင်ကျော်ဆန်း (တ/၃၁၆၈) | အင်္ဂပူ |
| ၇၅။ | ဦးဂျက်ဖရီတင် (တ/၃၁၆၉) | မင်းဘူး |
| ၇၆။ | ဦးစိုင်းအောင်မြင့်ဦး (တ/၃၁၇၀) | ရေတာရှည် |
| ၇၇။ | ဦးစောသိန်းကုဋ္ဌေအောင် (တ/၃၁၇၁) | သာပေါင်း |
| ၇၈။ | ဦးဇာနည်မြင့်ဝေ (တ/၃၁၇၂) | ပန်းတနော် |
| ၇၉။ | ဦးစက်ရှိန်သာ (တ/၃၁၇၃) | အုတ်ဖို |
| ၈၀။ | ဦးရဲနိုင်ထွန်း (တ/၃၁၇၄) | ငပုတော |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက် )

**CKD - Complete Knock-Down, SKD - Semi-Knock-Down**

**လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၄ နှင့် ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများတွင် CKD - Complete Knock-Down, SKD - Semi-Knock-Down စနစ်များဖြင့် ကုန်ကြမ်းပစ္စည်းမော်တော်ယာဉ်အစိတ်အပိုင်းများတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် CKD - Complete Knock-Down, SKD - Semi-Knock-Down လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| **စဉ်** | **အမည်/ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးမျိုးအောင်<br>ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးထွန်းသိန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ဦးချစ်ကိုကို<br>ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်နိုင်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဝင်းအောင်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ( စ ) | ဦးဇော်မင်းဝင်း<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစက်မှုကုန်ထုတ်အသင်း | အဖွဲ့ဝင် |

| **စဉ်** | **အမည်/ဌာန** | **တာဝန်** |
|---|---|---|
| (ဆ) | ဦးခင်မောင်ချို<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (ဇ) | ဦးအေးသောင်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁)၊ အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ CKD - Complete Knock-Down, SKD - Semi-Knock-Down လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုသည့်အခါတွင် CKD, SKD ၏ အဓိပ္ပာယ်ဖွင့်ဆိုရန်၊

(ခ) CKD, SKD ၏ အဓိပ္ပာယ်ဖွင့်ဆိုပြီးနောက် ယာဉ်အမျိုးအစားအလိုက် ပါရှိရမည့်အစိတ်အပိုင်းများ သတ်မှတ်ရန်၊

(ဂ) အခြားလိုအပ်သော အကြံဉာဏ်များပေးရန်။

ဇေယျာအောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကာကွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၅)

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက် )

စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ ၂)၂၀၁၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသော ကြည်း ၄၀၉၁၅ ဗိုလ်ကြီးဝင်းမင်းထက်အား နိုင်ငံတကာနှင့်ပြည်တွင်းရေးရာဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာ၌ ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းစ၍ ခန့်အပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၇၀၅/၂၀၁၅)၊ အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများမှ အဆက် ]**

**ပုံစံ (၄)**

## အသင်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်သည့် အမှုဆောင်အဖွဲ့ဝင်များစာရင်း

အသင်းအမည်၊ ------------------------------------------

အသင်းတည်နေရာ၊ -------------------------------------------

လျှောက်ထားသည့်ရက်စွဲ၊ ------------------------------

| စဉ် | အမှုဆောင်အမည်နှင့် တာဝန် | ဖခင်/မိခင် အမည် | လက်ရှိအလုပ်အကိုင်နှင့် နေရပ်လိပ်စာ (တိကျစွာဖော်ပြရန်) | ယခင်အလုပ်အကိုင် (တိကျစွာဖော်ပြရန်) | စိစစ်ရေးကတ်ပြား အမှတ် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | | | |

**ပုံစံ (၄-က)**

**ဓာတ်ပုံ**

**--------------------အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ ကိုယ်ရေးမှတ်တမ်း**

၁။ အမည် - -------------------------------------

၂။ ဖခင်/မိခင်အမည် - -------------------------------------

၃။ မွေးသက္ကရာဇ် - -------------------------------------

၄။ ပညာအရည်အချင်း - -------------------------------------

၅။ လူမျိုး/ဘာသာ - -------------------------------------

၆။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - -------------------------------------

၇။ လက်ရှိအလုပ်အကိုင် - -------------------------------------

၈။ ယခင်လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင် - -------------------------------------

၉။ အသင်း၏တာဝန် - -------------------------------------

၁၀။ ခင်ပွန်း/ဇနီးအမည် - -------------------------------------

၁၁။ နေရပ်လိပ်စာ/ဆက်သွယ်ရန်ဖုန်းအမှတ် - -------------------------------------

-------------------------------------

အထက်ဖော်ပြပါ ကိုယ်ရေးမှတ်တမ်းများသည် မှန်ကန်ကြောင်း တာဝန်ယူပါသည်။

လက်မှတ် - ----------------------------------

အမည် - ----------------------------------

ရက်စွဲ - ----------------------------------

**ပုံစံ (၅)**

## (မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရန်)
## ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကို လက်ခံရရှိခြင်း

---------အသင်းအဖွဲ့က ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို -------ခုနှစ်၊ -----------လ၊ ------ရက်နေ့ ---------နာရီတွင် လက်ခံရရှိပါသည်။

လျှောက်ထားသူ
အမည်၊ ---------------
တာဝန်၊ ---------------
----------အသင်းအဖွဲ့

ရုံးတံဆိပ်

လျှောက်လွှာလက်ခံသူ
အမည် ---------------
ရာထူး/တာဝန်၊ ---------------
-------------မှတ်ပုံတင်ရုံး

---

## (လျှောက်ထားသူများသို့ ပြန်လည်ပေးအပ်ရန်)
## ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကို လက်ခံရရှိခြင်း

---------အသင်းအဖွဲ့က ပြည်တွင်းအသင်းအဖွဲ့/အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို -------ခုနှစ်၊ -----------လ၊ ------ရက်နေ့ ---------နာရီတွင် လက်ခံရရှိပါသည်။

လျှောက်ထားသူ
အမည်၊ ---------------
တာဝန်၊ ---------------
----------အသင်းအဖွဲ့

ရုံးတံဆိပ်

လျှောက်လွှာလက်ခံသူ
အမည် ---------------
ရာထူး/တာဝန်၊ ---------------
-------------မှတ်ပုံတင်ရုံး

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် ( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၅**
နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးရန်လင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အား နယ်စပ်ရေးရာဝန်ကြီးဌာနသို့ **၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်း**မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

**ပြည်သူ့လွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ ဦးစီးမှူး ဒေါ်ခင်အေးမာအား လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

[ ယခင်အပတ်မှအဆက် ]

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် )

အမှတ် ၄၈/၂၀၁၅။ ။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၈) တွင် တက်ရောက်သင်ကြားအောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

### တပ်မတော် (ကြည်း)

| | | | |
|---|---|---|---|
| (၁၀၁) | စတင်မင်းထက် | ကြည်း | ၆၉၀၀၃ |
| (၁၀၂) | ဇေယျာ | ကြည်း | ၆၉၀၀၄ |
| (၁၀၃) | အောင်ခန့်လွင် | ကြည်း | ၆၉၀၀၅ |
| (၁၀၄) | အောင်မင်းမင်း | ကြည်း | ၆၉၀၀၆ |
| (၁၀၅) | မင်းသူ | ကြည်း | ၆၉၀၀၇ |
| (၁၀၆) | ကြည်စိုး | ကြည်း | ၆၉၀၀၈ |
| (၁၀၇) | မောင်ရွှေ | ကြည်း | ၆၉၀၀၉ |
| (၁၀၈) | ဝေယံစိုး | ကြည်း | ၆၉၀၁၀ |
| (၁၀၉) | ဖြိုးမင်းမောင်ထူး | ကြည်း | ၆၉၀၁၁ |
| (၁၁၀) | အာကာထွန်းလွင် | ကြည်း | ၆၉၀၁၂ |
| (၁၁၁) | ဘိုထက်အောင် | ကြည်း | ၆၉၀၁၃ |
| (၁၁၂) | မျိုးဝင်းကျော် | ကြည်း | ၆၉၀၁၄ |
| (၁၁၃) | နိုင်ဝင်း | ကြည်း | ၆၉၀၁၅ |
| (၁၁၄) | ဇင်မိုးကျော် | ကြည်း | ၆၉၀၁၆ |
| (၁၁၅) | အောင်ကျော်ကို | ကြည်း | ၆၉၀၁၇ |
| (၁၁၆) | မျိုးဆန်းဦး | ကြည်း | ၆၉၀၁၈ |
| (၁၁၇) | စိုးမင်းထွေး | ကြည်း | ၆၉၀၁၉ |
| (၁၁၈) | ထိန်လင်း | ကြည်း | ၆၉၀၂၀ |
| (၁၁၉) | သန်းထွဋ်ဇော် | ကြည်း | ၆၉၀၂၁ |
| (၁၂၀) | ရဲရင့်ဖုန်း | ကြည်း | ၆၉၀၂၂ |
| (၁၂၁) | မျိုးကိုကို | ကြည်း | ၆၉၀၂၃ |
| (၁၂၂) | နေမျိုးသူ | ကြည်း | ၆၉၀၂၄ |
| (၁၂၃) | မြတ်မင်းစိုး | ကြည်း | ၆၉၀၂၅ |
| (၁၂၄) | စိုးမိုးအောင် | ကြည်း | ၆၉၀၂၆ |
| (၁၂၅) | စိုးသိန်း | ကြည်း | ၆၉၀၂၇ |
| (၁၂၆) | လူအောင် | ကြည်း | ၆၉၀၂၈ |
| (၁၂၇) | ရန်အောင်စိုး | ကြည်း | ၆၉၀၂၉ |
| (၁၂၈) | အောင်ကျော်ဆွေ | ကြည်း | ၆၉၀၃၀ |
| (၁၂၉) | ရဲရင့်ထွန်း | ကြည်း | ၆၉၀၃၁ |
| (၁၃၀) | ဦးရယ်ရှေး | ကြည်း | ၆၉၀၃၂ |
| (၁၃၁) | ရန်နောင်စိုး | ကြည်း | ၆၉၀၃၃ |
| (၁၃၂) | ဝေဖြိုးကျော် | ကြည်း | ၆၉၀၃၄ |
| (၁၃၃) | စိုးမိုးမောင် | ကြည်း | ၆၉၀၃၅ |
| (၁၃၄) | အောင်သူရစိုး | ကြည်း | ၆၉၀၃၆ |
| (၁၃၅) | ဝင်းထွဋ်ဦး | ကြည်း | ၆၉၀၃၇ |
| (၁၃၆) | ကျော်ဇင်ဦး | ကြည်း | ၆၉၀၃၈ |
| (၁၃၇) | ဇင်မောင်မောင် | ကြည်း | ၆၉၀၃၉ |
| (၁၃၈) | ဝေလင်းထွန်း | ကြည်း | ၆၉၀၄၀ |
| (၁၃၉) | အောင်စိုးလင်း | ကြည်း | ၆၉၀၄၁ |
| (၁၄၀) | မျိုးကျော်သူ | ကြည်း | ၆၉၀၄၂ |
| (၁၄၁) | ကျော်ဇောဦး | ကြည်း | ၆၉၀၄၃ |
| (၁၄၂) | အောင်ခိုင်ကျော် | ကြည်း | ၆၉၀၄၄ |
| (၁၄၃) | ကျော်ဇင်သန်း | ကြည်း | ၆၉၀၄၅ |
| (၁၄၄) | ညီမင်းခန့် | ကြည်း | ၆၉၀၄၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

[ ဆက်လက်ဖော်ပြပါမည်]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၅

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

၁။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | လက်ထောက်ဆရာဝန် | ၄၀ နေရာ | M.B.B.S |
| (ခ) | ကုသရေးဦးစီးဌာန | လက်ထောက်ဆရာဝန် | ၈၇ နေရာ | M.B.B.S |
| | | သွားဘက်ဆိုင်ရာဆရာဝန် | ၁၆ နေရာ | B.D.S |
| (ဂ) | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | လက်ထောက်ဆရာဝန်/ ဦးစီးအရာရှိ | ၂၈ နေရာ | M.B.B.S |
| (ဃ) | တိုင်းရင်းဆေးပညာဦးစီးဌာန | လက်ထောက်ကထိက (ဆရာဝန်) | ၂ နေရာ | M.B.B.S |
| (င) | ဆေးဘက်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှင့်စီမံခန့်ခွဲရေးဦးစီးဌာန | လက်ထောက်ကထိက/ သရုပ်ပြဆရာဝန် | ၃၀၂ နေရာ | M.B.B.S |
| | | လက်ထောက်ကထိက/ သရုပ်ပြသွားဘက်ဆိုင်ရာ ဆရာဝန် | ၂၃ နေရာ | B.D.S |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၃၀-၇-၂၀၁၅ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဃ) M.B.B.S ဘွဲ့အတွက် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိနှင့် B.D.S ဘွဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအထိ ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊

(င) **တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနများရှိ လစ်လပ်ရာထူးများအတွက် လျှောက်ထားသူများသည် အမှတ်စာရင်း (Grading Certificate) ပူးတွဲပေးပို့ရမည်ဖြစ်ပြီး ဒုတိယနှစ်မှနောက်ဆုံးနှစ်အတွင်း သင်ယူခဲ့သည့် ဘာသာရပ်များအနက် (၃) ဘာသာတွင် ၆၀%နှင့်အထက် ရရှိသူဖြစ်ရမည်။**

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်သို့ ၃၀-၇-၂၀၁၅ ရက်နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀/- ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၅။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၂၁/ရွေးချယ်ရေး(အမိက) ၂၀၁၄ ဖြင့်ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ ကြော်ငြာပါရာထူးများအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးအရေအတွက်ထက် လျော့နည်းနေလျှင်ဖြစ်စေ၊ တူညီနေလျှင်ဖြစ်စေ၊ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ လစ်လပ်ရာထူးများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ ကို ကျင့်သုံးလျက်ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူများကို အကြောင်းကြားခေါ်ယူကာ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။

၇။ စိတ်အခြေအနေစစ်ဆေးခြင်းကို ၁၄-၉-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၁၅-၉-၂၀၁၅ ရက်နေ့တွင်လည်းကောင်း စတင်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့် နေ့ရက်များကို တစ်ဦးချင်းစီသို့စာဖြင့် အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက် လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏ အမည်စာရင်းကို အဖွဲ့၏ Website တွင် ၂၄-၈-၂၀၁၅ ရက်နေ့မှစတင်ကြေညာပေးမည် ဖြစ်ပါသည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၇) သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

အမိန့်အရ

ဇော်မိုးဝင်း
ခေတ္တညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## မယ်ဒီဗို ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေး ခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၉း၃၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဒေါ်စန္ဒာအေး
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အက်(စ်) အမ်ဒီ အရင်းအမြစ်များ ကုမ္ပဏီလီမိတက်

## (S M D RESOURCES CO.,LTD.)

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

**S M D RESOURCES CO.,LTD.** ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈(င) နှင့်အညီ အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ (၇. ၇. ၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် တိုက်အမှတ်-(၉၁)၊ အခန်း (၇)၊ (၃) လွှာ၊ (၄၉) လမ်းအလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီ ရုံးခန်းသို့ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Kyaw Soe Hlaing
Managing Director
S M D Resources Co., Ltd.

ဦးစိုးမြင့်
(B A, R A, C P A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက်-(၁၁၃)၊ (၄၉)လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနဂါးအားမာန် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်

**(Myanmar Dragon Power International Company Limited.)** အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၁၄. ၈. ၂၀၁၅) |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | တိုက်အမှတ် (၂၅၇)၊ ၃ လွှာ၊ အခန်းအမှတ် (၁၉)၊ (၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ချန်းရင်းခူး ဖွံ့ဖြိုးတိုးတက်ရေး ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်

**(Chang Yin Khu Development Gems & Jewellery Company Limited.)** အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၁၄. ၈. ၂၀၁၅) |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | တိုက်အမှတ် (၁)၊ အခန်းအမှတ် (၁၀)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈)မိုင်၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ချန်းရင်းခူး ဖွံ့ဖြိုးတိုးတက်ရေး သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်
## **(Chang Yin Khu Development Mining Company Limited.)** အား
## အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၁၄. ၈. ၂၀၁၅) |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | တိုက်အမှတ် (၁)၊ အခန်းအမှတ် (၁၀)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈)မိုင်၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ချန်းရင်းခူး ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်
## **(Chang Yin Khu Construction Company Limited.)** အား
## အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၁၄. ၈. ၂၀၁၅) |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | တိုက်အမှတ် (၁)၊ အခန်းအမှတ် (၁၀)၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈)မိုင်၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
(အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၀၀/၂၄-၇-၂၀၁၅။